# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

June 26, 2020 Volume 32, Number 20


၂၆.၆.၂၀၂၀

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၇၅၆ -US$ |
| မြန်မာ့ရွှေဈေး | = ၁၂၁၈၅၀၀ |
| ဒေါ်လာဈေး | = ၁၃၈၉/- ကျပ် |
| CBM Rate | = ၁၃၈၇.၉ ကျပ် |
| ယူရို တစ်ယူရို | = ၁၅၅၉.၅ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၉၉၈.၁၀ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၇၂၂.၀ ကျပ် |
| ဂျပန်ယန်းတစ်ရာ | = ၁၂၉၈.၆ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၉၅၅.၉၀ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၁၉၆.၀၈ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၁၈.၃၆၃ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၁၅.၇၄ ကျပ် |
| မလေးရှားရင်းဂစ် | =၃၂၃.၇၁ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၄၄.၉၀၉ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့်
သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com


## ကျောက်ဖြူရေနက်ဆိပ်ကမ်းစီမံကိန်း ကိုဗစ်-၁၉ကြောင့် လုပ်ငန်းများနှောင့်နှေးနေ



မြန်မာနှင့် တရုတ်တို့ ပူးပေါင်း အကောင်အထည်ဖော်ရန် ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာ ၈ ရက်နေ့ကတည်းက မူဘောင် သဘောတူစာချုပ် ချုပ်ဆိုခဲ့သော ကျောက်ဖြူရေနက်ဆိပ်ကမ်း စီမံကိန်းသည် ကိုဗစ်-၁၉ရောဂါကြောင့် လုပ်ငန်းများနှောင့်နှေးနေကြောင်း စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးဆက်အောင်ကပြောသည်။ ''လောလောဆယ်မှာတော့ ကိုဗစ်-၁၉ ဖြစ်နေတဲ့အတွက် ခေတ္တခဏတော့ Delay ဖြစ်နေတာဖြစ်ပါတယ်။ အဓိကဆောင်ရွက်ရမယ့်ကိစ္စကတော့ EIA/SIA ဆောင်ရွက် ရမှာဖြစ်ပါတယ်''ဟု နေပြည်တော်တွင် ဇွန် ၂၄ ရက်နေ့က ကျင်းပခဲ့သော သတင်းစာရှင်းလင်းပွဲအပြီး ၎င်းက မြန်မာတိုင်းမ်သို့ပြောကြားသည်။ မူဘောင် သဘောတူစာချုပ်ချုပ်ဆိုစဉ်ကဆိုပါ EIA/SIA လုပ်ငန်းများကို တစ်နှစ်အတွင်း ဆောင်ရွက်သွားမည်ဟု ဆိုသော်လည်း ယခုအချိန်ထိ မဆောင်ရွက်နိုင်သေးကြောင်းသိရသည်။

နိုင်ငံ့စီးပွားရေးအတွက် အရေးပါလာမည့် ကျောက်ဖြူအထူးစီးပွားရေးဇုန် စီမံကိန်း၏ ပထမအဆင့်အနေဖြင့် ရေနက်ဆိပ်ကမ်းကို အမေရိကန်ဒေါ်လာ ၁ ဒသမ ၃ဘီလီယံဖြင့် စတင်အကောင်အထည်ဖော်ရန် သဘောတူခဲ့ကြသည်။ ရေနက်ဆိပ်ကမ်းအတွက် EIA /SIAဆောင်ရွက်ရန် နိုင်ငံတကာတင်ဒါများခေါ်ယူသွားမည်ဖြစ်သော်လည်း ကိုဗစ်-၁၉ကြောင့် အနည်းငယ်နောက်ကျတော့မည်ဖြစ်သည်။ ''ကျွန်တော်တို့ လိုချင်တာက လက်သင့်ရာ တင်ဒါမဟုတ်ဘဲ နိုင်ငံတကာတင်ဒါခေါ်ချင်တာဖြစ်တဲ့အတွက် ဒီအချိန်မှာ နည်းနည်းလေး နောက်ရွှေ့ပေးရမှာဖြစ်ပါတယ်''ဟု ၎င်းက ဆက်လက်ပြောဆိုသည်။ ထို့ကြောင့်လည်း အဆိုပါတင်ဒါခေါ်ယူရန်အတွက် အချိန်ပေးနေရပြီး ကိုဗစ်-၁၉ ရောဂါလွန်မြောက်သည့်အချိန်ရောက်မှသာ ခေါ်ယူသွားနိုင်ဖွယ်ရှိနေသည်။ သို့သော်လည်း ကိုဗစ်-၁၉ရောဂါ မည်သည့်အချိန်တွင် ကင်းစင်မည်ကို မသိနိုင်သောကြောင့် ယခုနှစ်ကုန်သို့မဟုတ် လာမည့်နှစ်ဆန်းပိုင်းအထိလည်း စောင့်ဆိုင်းသွားရဖွယ်ရှိကြောင်း ၎င်းကဆက်လက်ပြောကြားသည်။

မြန်မာနိုင်ငံက ၃၀ ရာခိုင်နှုန်းထည့်ဝင်မည့် အဆိုပါရေနက်ဆိပ်ကမ်းစီမံကိန်းအတွက် EIA/SIA လုပ်ငန်းများ ဆောင်ရွက်ပြီးလျှင် ဖြစ်မြောက်နိုင်ခြေလေ့လာမှု(Detail

Facility) ကို ဆက်လက်ဆောင်ရွက်မည်ဖြစ်သည်။ ထိုနှစ်ဆင့်ပြီးမြောက်မှသာ စီမံကိန်းလုပ်ငန်းများ စတင်ရမည်ဖြစ်ကြောင်း သိရသည်။ စီမံကိန်းအတွက် မြန်မာနိုင်ငံက အကြွေးဝန်ထုပ်ဝန်ပိုး ပိသွားနိုင်ကြောင်း ဝေဖန်မှုများရှိခဲ့သော်လည်း ဝန်ထုပ်ဝန်ပိုး မဖြစ်စေရေးနှင့် ရေရှည်တည်တံ့သောစီမံကိန်းတစ်ခုဖြစ်စေရေးတို့အတွက် ညှိနှိုင်းမှုများစွာလုပ်ခဲ့ပြီးဖြစ်ကြောင်း စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌလည်းဖြစ်သူ ဦးဆက်အောင်က ပြောကြားထားသည်။

**Source:** https://myanmar.mmtimes.com/news/140703.html

## ပြင်သစ် Carrefour အုပ်စု မြန်မာ၌ ရင်းနှီးမြှုပ်နှံရန်ပြင်ဆင်

ပြင်သစ်နိုင်ငံအခြေစိုက် ကမ္ဘာ့ထိပ်တန်းလက်လီလက်ကားကုမ္ပဏီတခုဖြစ်သည့် Carrefour သည် မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံရန် ပြင်ဆင်နေပြီဖြစ်ကြောင်းသိရသည်။ Carrefour ကုမ္ပဏီသည် ပြည်တွင်း၌ MAXI Cash &0 Carry လက်ကားလုပ်ငန်း (စူပါမားကတ်) နှင့် Easy Convenience စတိုးများကို လုပ်ကိုင်သွားရန် ပြင်ဆင်လျက်ရှိကြောင်း အဆိုပါ ကုမ္ပဏီထံမှသိရသည်။ MAXI လက်ကားလုပ်ငန်းသည် နေ့စဉ်လူနေမှုဘဝအတွက် လိုအပ်သောအခြေခံ စားသောက်ကုန် များနှင့် လူသုံးကုန် ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် လက်ကားရောင်းချသွားမည်ဖြစ်သလို Easy စတိုးများတွင် ပိုမိုကောင်းမွန်သော ဝန်ဆောင်မှုအသစ်များနှင့်အတူ စားသုံးသူများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးမည့် ကုန်မျိုးစုံဆိုင် ပုံစံဖြင့် ရောင်းချသွားမည်ဖြစ်ကြောင်းသိရသည်။

လက်ရှိအချိန်တွင် Carrefour အနေဖြင့် ရင်းနှီးမြှုပ်နှံမှုပြုလုပ်ရန် ပြင်ဆင်နေဆဲဖြစ်ပြီး ဝန်ကြီးဌာနက လုပ်ငန်း လုပ်ကိုင်ခွင့်ချထားပေးခြင်းမရှိသေးကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ လက်ထောက်အတွင်းဝန် ဦးခင်မောင်လွင်က ရေဝတီသို့ပြောသည်။ ၎င်းက "လက်လီလက်ကားလုပ်ငန်းကဏ္ဍမှာ နိုင်ငံခြားသားရာနှုန်းပြည့် ရင်းနှီး မြှုပ်နှံမှုဆိုရင် လက်ကားလုပ်ငန်းပဲ ခွင့်ပြုပေးသွားမှာပါ။ Convenience စတိုးတွေဖွင့်ဖို့ ခွင့်ပြုသွားဖို့မရှိသေးဘူး" ဟု ဆိုသည်။

မြန်မာနိုင်ငံသည် ပြီးခဲ့သည့် ၂၀၁၈ ခုနှစ် မေလတွင် လက်လီလက်ကား လုပ်ငန်းများကို ရာခိုင်နှုန်းပြည့် နိုင်ငံခြားသား ရင်းနှီးမြှုပ်နှံမှု အပါအဝင် ပြည်တွင်းကုမ္ပဏီနှင့် နိုင်ငံခြားကုမ္ပဏီ ပေါင်းစပ်ထားသည့် ဖက်စပ်ကုမ္ပဏီများ စတင်ခွင့်ပြုပေး ခဲ့သည့် နောက်ပိုင်းတွင် ယင်းသို့ ကုမ္ပဏီများ ဝင်ရောက်လာခြင်းဖြစ်သည်။ ပြည်တွင်း လက်လီလက်ကား လုပ်ငန်းကဏ္ဍတွင် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုများ ခွင့်ပြုပေးရခြင်းသည် စားသုံးသူများအတွက် ရွေးချယ်စရာပိုမို များပြားစေလာရေးနှင့် လက်လီလက်ကားလုပ်ငန်းနှင့် ဆက်စပ် နေသော အသေးစား၊ အလတ်စား စီးပွားရေး လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာရေး ရည်ရွယ် လုပ်ဆောင်ခြင်းဖြစ်ကြောင်း ဦးခင်မောင်လွင်က ပြောသည်။

လက်ရှိအချိန်တွင် စူပါမားကတ်လုပ်ငန်း လုပ်ကိုင်ရန် ရာခိုင်နှုန်းပြည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအဖြစ် မက်ခရို ကုမ္ပဏီ (Makro) နှင့် ဂျာမနီကုမ္ပဏီ METRO၊ ထိုင်း-မြန်မာဖက်စပ်ကုမ္ပဏီ Pro 1 Global၊ ဂျပန်-မြန်မာ Aeon Orange တို့ကို ခွင့်ပြုပေးထားကြောင်း စီးပွား/ကူးသန်းက သိရသည်။ အမေရိကန် အခြေစိုက် 7 Eleven ကုမ္ပဏီအပါအဝင် Convenience စတိုးလုပ်ငန်း လုပ်ကိုင်ရန် ကုမ္ပဏီများ လာရောက်စုံစမ်းမှုများရှိသော်လည်း ပြည်တွင်းလုပ်ငန်းများ ကာကွယ်ပေးရန်အတွက် ယင်းသို့ လုပ်ငန်းများကို နိုင်ငံခြားကုမ္ပဏီများကို ဖွင့်လှစ်ခွင့်မပြုသေးကြောင်းလည်း စီးပွား/ကူးသန်းတာဝန်ရှိသူကဆိုသည်။ Carrefour ကုမ္ပဏီသည် ကမ္ဘာ့နိုင်ငံအနှံ့အပြားတွင် လက်လီလက်ကား ဈေးဝယ်စင်တာကြီးများနှင့် Convenience စတိုး ဆိုင်ခွဲပေါင်း ၁၂၀၀၀ ကျော်အထိ ဖွင့်လှစ်ထားသည့် ပြင်သစ်အခြေစိုက်ကုမ္ပဏီတခုဖြစ်သည်။

မြန်မာနိုင်ငံ လက်လီရောင်းချသူများအသင်း ဥက္ကဋ္ဌဦးသုရိန်ငြိမ်းက "သူ့သတ်မှတ်ထားတဲ့ စည်းမျဉ်းစည်းကမ်းတွေ အတိုင်း စနစ်တကျဝင်လာမယ်ဆိုရင် ပြည်တွင်းထုတ်ကုန် ထုတ်လုပ်သူတွေအတွက် သူတို့ဆီကတဆင့် ပြည်ပဈေးကွက် အထိတောင် ဖောက်နိုင်တဲ့ အခွင့်အလမ်းတွေ ရနိုင်တာပေါ့ " ဟု ရေဝတီသို့ပြောသည်။ သို့သော်လည်း လက်လီလက်ကား လုပ်ငန်းကဏ္ဍသို့ဝင်ရောက်လာသည့် နိုင်ငံခြားကုမ္ပဏီများသည် ပြည်ပကထုတ်ကုန်များကိုသာ တင်သွင်းလာပြီး ပြည်တွင်း တွင် လာရောက်ရောင်းချခြင်းများသာပြုလုပ်ပါက လက်လီလုပ်ငန်းအသေးများအပေါ် ကို သက်ရောက်မှုရှိလာနိုင်မည် ဖြစ်ကြောင်း ၎င်းကဆိုသည်။

နိုင်ငံခြားသား ကုမ္ပဏီများ၊ ဖက်စပ်ကုမ္ပဏီများအနေဖြင့် ပြည်တွင်း၌ လက်လီ၊ လက်ကားအရောင်းဆိုင်များ ဖွင့်လှစ်ပါက အဝတ်အထည်၊ နာရီ၊ အလှကုန် ပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ အိမ်သုံးပစ္စည်းများပါဝင်သည့် ဦးစားပေး ကုန်ပစ္စည်း ၂၄ မျိုးကိုသာရောင်းချရန် ဝန်ကြီးဌာနကသတ်မှတ်ထားသည်။ လက်လီလက်ကား လုပ်ငန်းလုပ်ကိုင်ခွင့် ခွင့်ပြုချက်၌ နိုင်ငံခြားသားရင်းနှီးမြှုပ်နှံမှု ၈၀ ရာခိုင်နှုန်းမှ ရာနှုန်းပြည့်ပိုင်သောလုပ်ငန်းများသည် လက်လီလုပ်ငန်း လုပ်ကိုင်ပါက မြေငှားရမ်းခမပါဝင်ဘဲ အမေရိကန်ဒေါ်လာ ၃ သန်းနှင့်အထက် ရင်းနှီးမြှုပ်နှံရမည်ဖြစ်ကြောင်း၊ လက်ကား လုပ်ငန်းလုပ်ကိုင်ပါက အမေရိကန်ဒေါ်လာ ၅ သန်းနှင့်အထက် ရင်းနှီးမြှုပ်နှံရမည့်အပြင် စတုရန်းမီတာ ၉၂၀ အထက်ရှိသည့် စူပါမားကက်အကြီးစားများကိုသာ ဖွင့်ခွင့်ပြုမည်ဖြစ်ပြီး Convenience စတိုးဆိုင်လေးများကို ဖွင့်လှစ်ခွင့်ပြုမည် မဟုတ်ကြောင်း ဝန်ကြီးဌာနကထုတ်ပြန်ထားသည်။

ယခု ရင်းနှီးမြှုပ်နှံရန် ပြင်ဆင်နေသည့် ပြင်သစ်လက်လီလက်ကားကုမ္ပဏီ Carrefour သည် ယခင်မြန်မာ့အိမ်နီးချင်း ထိုင်းနိုင်ငံ၌ ကုန်တိုက်ကြီးပေါင်း ၄၂ ခုဖွင့်ကာ Big C ၊ Lotus ၊ Makro အစရှိသည့် ကုန်တိုက်ကြီးများနှင့် အပြိုင်ရောင်း ဝယ်ခဲ့သော်လည်း ၂၀၁၁ ခုနှစ်တွင်မူ ထိုင်းနိုင်ငံမှထွက်ခွာခဲ့ပြီးနောက် ၎င်း၏ပိုင်ဆိုင်မှုများကို Big C အုပ်စုက ဝယ်ယူခဲ့သည်။ အကယ်၍ မြန်မာနိုင်ငံ၌သာ Carrefour အုပ်စု ရင်းနှီးမြှုပ်နှံမှုရခဲ့လျှင် Makro၊ METRO၊ Pro 1 Globalတို့နှင့် အပြိုင် စီးပွားရေးလုပ်ငန်းတခုဖြစ်လာနိုင်သည်။

**Source:** https://burma.irrawaddy.com/news/2020/06/25/225292.html

## တရုတ်-မြန်မာ နယ်စပ်စီးပွားရေး ဇုန်သုံးဇုန်အနက် မူဆယ်- ရွှေလီဇဟိုဇုန် စတင်အကောင်အထည်ဖော်မည်

တရုတ်-မြန်မာနယ်စပ် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု ဇုန်သုံးဇုန်အနက် မူဆယ်- ရွှေလီဇဟိုဇုန် (Core Zone)ကို ပထမဆုံးအကောင်အထည်ဖော်သွားမည်ဟု စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးအောင်ထူးက ပြောသည်။ အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုလမ်းကြောင်းဖွံ့ဖြိုးတိုးတက်စေရေး တရုတ်၏ရပ်ဝန်းနှင့်ပိုးလမ်းမစီမံကိန်းတွင် မြန်မာကပါဝင်ရန်သဘောတူထားပြီး နှစ်နိုင်ငံနယ်စပ်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဇုန်များ အကောင်အထည်ဖော်ရန် နှစ်ဖက်အစိုးရအကြား နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုးထားသည်။

တရုတ်-မြန်မာစီးပွားရေးစင်္ကြံအောက်ရှိ တရုတ်-မြန်မာ နယ်စပ်စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဇဟိုဇုန်(Core Zone) အကောင်အထည်ဖော်ရန် တရုတ်နှင့်မြန်မာနှစ်ဖက်စလုံးက အတည်ပြုလျာထားသည်။ မြန်မာအစိုးရဘက်က မူဆယ်၊ ချင်းရွှေဟော်၊ ကန်ပိုက်တီးစသည့် နေရာသုံးခုတွင် ဇဟိုဇုန်များကောင်အထည်ဖော်မည်ဖြစ်သည်။ ''ပထမဦးဆုံး အကောင် အထည်ဖော်မှာက တရုတ်နိုင်ငံ၊ ရွှေလီနဲ့မြန်မာက မူဆယ်မှာနယ်စပ်စီးပွားပူးပေါင်းဆောင်ရွက်မှုဇုန် ထူထောင်သွားဖို့ဖြစ်ပါ တယ်။ ဒီအတွက်တရုတ်နဲ့ မြန်မာအကြား မူဘောင်သဘောတူညီချက် Frame Work Agreement ရေးထိုးသွားမှာ ဖြစ်ပါ တယ်''ဟု ၎င်းကပြောသည်။ နှစ်နိုင်ငံအစိုးရကြား လက်မှတ်ရေးထိုးမည့် မူဘောင်သဘောတူညီချက်တွင် အဓိကအချက် အနေဖြင့် နှစ်ဖက်စလုံးက ဇုန်မြေနေရာနှင့် ဧရိယာသတ်မှတ်ရေးနှင့် ဇဟိုဇုန်အတွက် ဧရိယာသတ်မှတ်ခြင်းနှင့် စီမံခန့်ခွဲမှု အပိုင်းအတွက် ရင်းနှီးမြှုပ်နှံမှု၊ ဘဏ္ဍာရေးနှင့်လူဝင်လူထွက်ကိစ္စစသည့်အချက်များပါဝင်မည်ဟု ကုန်သွယ်ရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးမင်းမင်းကပြောသည်။ မူဆယ်-ရွှေလီ နယ်စပ်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု ဇုန်ထူထောင်ရန်အတွက် အောက်ခြေအဆင့် လုပ်ငန်းအဖွဲ့များဖွဲ့စည်း၍ ဇွန် ၁၂ ရက်တွင် ညှိနှိုင်းဆွေးနွေးမှုပြုလုပ်ထားပြီး မူဆယ်ပတ်ဝန်းကျင်တွင် မြေပြင်ကွင်းဆင်းတိုင်းတာမှုများ မကြာမီလုပ်ဆောင်သွားမည်ဖြစ်သည်။

မြန်မာနိုင်ငံရှိ မူဆယ်ဘက်ခြမ်း ဧရိယာသည် နန့်ဖက်ကာမှ မြောက်ဖက်ရှိနန်းခမ်းအထိရှိမည်ဖြစ်ပြီး တောင်ဖက်တွင် ကြူကုတ်၊ ပန်ဆိုင်အထိဆောင်ရွက်ရန် အစီအစဉ်ရှိသည်ဟုသိရသည်။ မူဆယ်-ရွှေလီဇဟိုဇုန်သည် မြန်မာအစိုးရ၏ မူသဘော ဆိုင်ရာစီမံကိန်း (Concept Plan) အရ နန့်ဖက်ကာမှအစပြု၍ တစ်ဖက်တွင် ကြူကုတ်(ပန်းဆိုင်)နှင့် အခြားတစ်ဖက်တွင် နမ့်ခမ်းစသည်ဖြင့် တြိဂံပုံစံ ဧရိယာထဲတွင် နယ်စပ်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဇုန် တည်ဆောက်ရန်ရေးဆွဲထားပြီး Logistic Zone ဆောက်မည့်နေရာများ၊ ကုန်ထုတ်လုပ်ငန်းနှင့်စက်မှုဇုန်များ တည်ဆောက်မည့်နေရာများကို အသေးစိတ် လျာထားပြီးဖြစ်သည်။

မူဘောင်သဘောတူညီချက်အရ ဇုန်နေရာသတ်မှတ်ခြင်းနှင့် ရွေးချယ်ခြင်းပြုလုပ်၍ လောင်ဂျီကျူ၊ လတ္တီကျူသတ်မှတ်ပေးရမည် ဖြစ်သည်။ ယင်းအတွက် မြေစာရင်းဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာနအပြင် သက်ဆိုင်ရာဌာနများ၏ သဘောထားမှတ်ချက်ရယူရန် လာမည့်အပတ်တွင် ဆွေးနွေးသွားမည်ဟုသိရသည်။ "ကျွန်တော်တို့ ကိုယ့်နိုင်ငံဘက်ကို မြေပြင်ကွင်းဆင်းကြည့်ဖို့လိုပါတယ်။ ဖြစ်နိုင်ချေမြေပြင် လေ့လာဆန်းစစ်ချက်(Feasibility Study) လုပ်ဆောင်ရန်လိုအပ်ပြီး အဲဒါရမှတဖက်နိုင်ငံနဲ့မျက်နှာချင်းဆိုင် ဆောင်ရွက်ရမှာဖြစ်တဲ့အတွက် သူတို့လုပ်မယ့်ဇုန်တွေရှိပါတယ်။ ကုန်ထုတ်လုပ်ရေးဇုန်၊ ခရီးသွားလုပ်ငန်းဇုန်များ၊ မွေးမြူရေး၊ သားငါးဇုန်များရှိသည့်အတွက် သူတို့နဲ့ပြန်ညှိနှိုင်းဖို့လိုပါတယ်။ အဲဒါတွေ ဒီဘက်က လိုက်လျောညီထွေဖြစ်ဖို့ ဘယ်လိုလုပ်မလဲဆိုတာ သူတို့နဲ့ပြန်ညှိနှိုင်းဖို့ ရှိပါတယ်"ဟု ဦးမင်းမင်းကပြောသည်။

တရုတ်နှင့်ညှိနှိုင်းဆောင်ရွက်ပြီးပါက မိမိနိုင်ငံဘက်ခြမ်းဇုန်ကို အကောင်အထည်ဖော်မည့် Developer ကုမ္ပဏီရွေးချယ်သွားမည်ဟုသိရသည်။ Pilot Project အနေဖြင့် မူဆယ်-ရွှေလီဇုန်ကို စတင်လုပ်ဆောင်မည်ဖြစ်ပြီးယင်းဇုန်၏ အောင်မြင်ဖြစ်ထွန်းမှုအပေါ်မူတည်၍ ကျန်သောဇုန်များကို ဆက်လက်လုပ်ဆောင်သွားမည်ဟု ၎င်းကဆိုသည်။ ယခုအကောင်အထည်ဖော်မည့် မူဆယ်- ရွှေလီဇုန်အတွက် မြန်မာအစိုးရက အသေးစိတ်စီမံကိန်းလမ်းကြောင်း လျာထားချက်အရ မူဆယ်နယ်စပ်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဇုန် တည်ဆောက်ရာတွင် မူဆယ်-ရွှေလီကို Core Zone ၊ ကြူကုတ်(ပန်ဆိုင်း)-ဝမ်တိန်-ကျိုန်စမ်းကျော့-ရွှေလီတို့ကို Export Product Manufacturing Processing and Warehouse Area များအဖြစ်လည်းကောင်း၊ ဆယ်လန့်-ဆယ်လင်းနှင့် နမ့်ခမ်း- နောင်တောင်းတို့ကို Import Processing and Warehouse Area များအဖြစ် ဖွဲ့စည်းတည်ထောင်ရန်ဖြစ်သည်။ အလားတူ တရုတ်အစိုးရကလည်း ၎င်းဘက်အခြမ်းရှိ ဇုန်များဆောင်ရွက်မည့် နေရာအသီးသီးတွင် လုပ်ငန်းများဆောင်ရွက်နေပြီဖြစ်သည်။

**Source:** https://myanmar.mmtimes.com/news/140679.html

## မြန်မာနိုင်ငံ၏ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ နယ်ပယ်ခုနစ်ခုကိုမြှင့်တင်ရန် OECD အကြံပြု

ဥရောပစီးပွားရေးပူး ပေါင်းဆောင်ရွက်မှုနှင့် ဖွံ့ဖြိုးရေးဆိုင်ရာအဖွဲ့ (OECD) က မြန်မာနိုင်ငံ၏ရင်းနှီးမြှုပ်နှံမှုဆိုင်ရာမူဝါဒမှနယ်ပယ် ခုနစ်ခုကိုမြှင့်တင်ရန် အကြံပြုထားကြောင်း ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနက ဇွန်လ ၂၅ ရက်တွင်ထုတ်ပြန်သည်။ OECD ၏ ဒုတိယအကြိမ် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုမူဝါဒ သုံးသပ်ချက်မူကြမ်းတွင် ရင်းနှီးမြှုပ်နှံမှုမူဝါဒ၊ ရင်းနှီးမြှုပ်နှံမှုမြှင့် တင်ရေးနှင့် လွယ်ကူချောမွေ့စေရေး၊ တာဝန်ယူမှုရှိသော စီးပွားရေးလုပ်ငန်းများဆောင်ရွက်မှုကို မြှင့်တင်ခြင်းအပါအဝင် လုပ်သာကိုင်သာရှိအောင် ဆောင်ရွက်ရန်အကြံပြုထားသည်။ အခြေခံအဆောက်အအုံချိတ်ဆက်မှု၊ စိမ်းလန်းသောဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုမူဘောင်၊ စီးပွားရေးဇုန်များကို အကောင်းဆုံးဖြစ်အောင်ဆောင်ရွက်ခြင်း၊ အာမခံချက်ရှိပြီး ရှင်းလင်းကောင်းမွန်သော မြေအသုံးချခွင့်ကို မြှင့်တင်ဆောင်ရွက်ရန် OECD ကတိုက်တွန်းသည်။

OECD က ၂၀၁၄ တွင် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုမူဝါဒကို ပထမအကြိမ်သုံးသပ်ခဲ့ပြီး ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ခြင်းနှင့် လွယ်ကူချောမွေ့စေရေး၊ ဘဏ္ဍာရေးကဏ္ဍ၊ တာဝန်ယူမှုရှိသော ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများလုပ်ကိုင်ခြင်းနှင့် အခြေခံအဆောက်အအုံစသည့် နယ်ပယ် ၁၀ ခုအပေါ် အခြေခံသုံးသပ်ခြင်းဖြစ်သည်။ ပထမအကြိမ်သုံးသပ်ချက်၏ ရလဒ်အဖြစ် မြန်မာနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုဝန်းကျင်အတွက် အရေးကြီးသောဥပဒေနှစ်ရပ်ဖြစ်သည့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေနှင့် မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေတို့ကို ပြဋ္ဌာန်းခဲ့ပြီးဖြစ် ကြောင်း ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနကဆိုသည်။ OECD ၏ ဒုတိယအကြိမ်မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုမူဝါဒ သုံးသပ်ချက်အပေါ် ဇွန်လ ၂၃ ရက်က ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၌ ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးအောင်နိုင်ဦးနှင့် OECD Invest-ment Committee ဥက္ကဋ္ဌ Mr. Manfred Schekulin တို့ ဗီဒီယိုကွန်ဖရင့်ဖြင့်ဆွေးနွေးခဲ့သည်။

ဖွံ့ဖြိုးတိုးတက်မှုများ ပိုမိုရှိလာစေရန် ရင်းနှီးမြှုပ်နှံမှုသည် အရေးကြီးကာရင်းနှီးမြှုပ်နှံမှုဝန်းကျင်ကောင်းတစ်ရပ် ဖန်တီးနိုင်ရေး ရင်းနှီးမြှုပ်နှံမှုဆိုင်ရာမူဝါဒများကို ပြန်လည်သုံးသပ်ခဲ့ပြီး စီးပွားရေးလုပ်ငန်းများဆောင်ရွက်ရာတွင် ကုန်ကျစရိတ်လျော့နည်းစေရေးနှင့် ရင်းနှီးမြှုပ်နှံသူများ၏ ယုံကြည်မှုပိုမိုခိုင်မာစေရေး ရှင်းလင်းလွယ်ကူသည့် ရင်းနှီးမြှုပ်နှံမှုကို ဖော်ဆောင်

နေကြောင်း ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းကပြောသည်။ ပထမအကြိမ်သုံးသပ်ချက်များပြုလုပ်ချိန်ကစ၍ မြန်မာအစိုးရသည် OECD နှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ခဲ့ပြီး ယခုဒုတိယအကြိမ် သုံးသပ်မှုဆောင်ရွက်ခြင်းဖြင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုခိုင်မာရန် ယုံကြည်ကြောင်းငင်းကဆိုသည်။

**Source:** https://7day.news/detail?id=190177

## မြဝတီမြို့မှတစ်ဆင့် ထိုင်းနိုင်ငံသို့ ဂေါ်ဖီထုပ်တန်ချိန် ၁၀၀ ခန့် နေ့စဉ်တင်ပို့



မြန်မာပြည်မှထွက်ရှိသည့် ဂေါ်ဖီထုပ်များကို မြဝတီနယ်စပ်ဂိတ်အမှတ်(၂) တံတားကြီးမှတစ်ဆင့် ထိုင်းနိုင်ငံသို့နေ့စဉ် တန်ချိန် ၁၀၀ ခန့် တင်ပို့နေကြောင်းသိရသည်။ "မြန်မာ့ဂေါ်ဖီထုပ်တွေ ထိုင်းဘက်ကို တင်ပို့တာ မနှစ်က ဒီအချိန်ကစပြီးပို့တာ။ ဒီနှစ်လည်း ထိုင်းကမှာယူနေလို့ ပို့ပေးနေရပါတယ်။ ထိုင်းမှာထွက်တဲ့ဂေါ်ဖီထုပ်က မြန်မာ့ဂေါ်ဖီထုပ်လောက် စားမကောင်းဘူး။ သူတို့ ဂေါ်ဖီထုပ်က အသားပွတယ်။ ကြက်သွန်လည်း ဒီလိုပဲ။ မြန်မာ့ကြက်သွန်ကို ထိုင်းတွေက ပိုပြီးကြိုက်နှစ်သက်ကြတယ်။ ဒါပေမဲ့ အခု COVID-19 ဖြစ်နေတဲ့ကာလမှာတော့ အရင်လို အများကြီး တင်ပို့လို့မရဘူး။ အရင်ကဆို အမှတ်(၁)တံတားက ဖြတ်သန်းရလွယ်တယ်။ အခုကျတော့ အမှတ်(၂) တံတားကြီးတစ်ခုတည်းက သွားရတော့ ထိုင်းဝယ်လက်တွေ အားလုံးလိုသလောက်ကို ကန့်သတ်ချက်တွေများနေလို့ ပို့မပေးနိုင်ဘူး။ ထိုင်းဘက်မှာ စားသောက်ဆိုင်အများစုက မြန်မာဘက်က ဂေါ်ဖီထုပ်တွေကိုပိုသုံးနေကြတာကြောင့် အခုလို တင်ပို့ပေးနေတာပါ"ဟု ဂေါ်ဖီထုပ်တင်ပို့နေသည့် ကုန်သည်တစ်ဦးကပြောသည်။

ပြည်၊ ပွဲန်တန်ဆာ၊ ဒိုက်ဦးမြို့များအပြင် ရှမ်းပြည်နယ် ကလောနှင့် အောင်ပန်းမြို့များမှ ပို့ဆောင်သည့် ဂေါ်ဖီထုပ်များကို မြဝတီမြို့မှတစ်ဆင့် ထိုင်းနိုင်ငံသို့ ပြန်လည်တင်ပို့ရခြင်းကြောင့် ရက်အနည်းငယ် ကြာမြင့်မှုရှိသည်။ "ကျွန်တော် တင်ပို့နေတာ တစ်လလောက်ရှိပါပြီ။ အခွံခွာအချောကိုင်ပြီးသားဆိုရင် တစ်ကီလိုကို ခုနစ်ဘတ်ရတယ်။ အကြမ်းထည်အတိုင်း အခွံမခွာဘူးဆိုရင် တစ်ကီလိုကို ခြောက်ဘတ်ဈေးရပါတယ်။ ဘန်ကောက်ရောက်သွားရင်တော့ တစ်ကီလိုကိုးဘတ်ဖြစ်သွားပါပြီ။ ထိုင်းမှာက စားသောက်ဆိုင်တွေများတော့ ဂေါ်ဖီကို အသုံးများကြတယ်။ အစိမ်းကြော်ကြော်တဲ့နေရာမှာ အများဆုံးသုံးကြတာကြောင့် မဲဆောက်တင်မကဘူး။ ဘန်ကောက်၊ ဖူးခက်နဲ့ ပတ္တယားဘက်တွေအထိ တင်ပို့နေရပါတယ်" ဟု ၎င်းကပြောသည်။

**Source:** https://myanmar.mmtimes.com/news/140699.html

## ကိုဗစ်ကြောင့် မြန်မာ့စီးပွားရေးကျဆင်းမယ့်အရေး ကမ္ဘာ့ဘဏ်သတိပေး

မြန်မာ့စီးပွားရေးဟာ ၂၀၁၈-၁၉ ဘဏ္ဍာနှစ်မှာ GDP ဖွံ့ဖြိုးမှု ၆.၄ ရာခိုင်နှုန်းရှိရာကနေ အခုလာမယ့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်မှာ COVID ကပ်ရောဂါကြောင့် ၀.၅ ရာခိုင်နှုန်း ဖြစ်သွားလိမ့်မယ်လို့ ကမ္ဘာ့ဘဏ်က ဒီကနေ့ ဇွန်လ ၂၅ ရက်မှာ ခန့်မှန်းသတိပေးပါတယ်။ ဒါပေမဲ့လည်း အစိုးရရဲ့ စီးပွားရေးပြန်ကုစားရေးအစီအစဉ်တွေနဲ့ ကပ်ရောဂါဖြစ်ပွားနှုန်း သိပ်မများတာ၊ ဒါတွေနဲ့ ချိန်ကြည့်မယ်ဆိုရင် ဆိုးဆိုးရွားရွား ထိခိုက်မှာမဟုတ်ဘူးလို့ စီးပွားရေးပညာရှင်တချို့ကယူဆပါတယ်။ ဗွီအိုအေမြန်မာပိုင်းသတင်းထောက် ကိုဇော်ထက်က သတင်းပေးပို့ထားပါတယ်။

မြန်မာက အခုဘဏ္ဍာနှစ်မှာ အစကောင်းခဲ့ပေမဲ့ COVID ကပ်ရောဂါဖြစ်ခဲ့လို့ ပြည်တွင်း၊ ပြည်ပကုန်သန်းရောင်းဝယ်မှု နှစ်ဘက်လုံးမှာ ထိခိုက်ခဲ့ပါတယ်။ စိုက်ပျိုးရေး၊ သတင်းအချက်အလက်နဲ့ဆက်သွယ်ရေးကဏ္ဍတွေမှာ ခံနိုင်ရည်ရှိနေသေးပေမဲ့ ထုတ်လုပ်မှုနဲ့ဝန်ဆောင်မှုအပိုင်းမှာတော့ တကမ္ဘာလုံးနည်းတူ မြန်မာလည်းထိခိုက်နေလို့ ဒီနှစ်မှာဖွံ့ဖြိုးမှုနှုန်း ၀.၅ ရာခိုင်နှုန်းပဲ ရှိလိမ့်မယ်လို့ ကမ္ဘာ့ဘဏ်က ခန့်မှန်းတာပါ။

အစိုးရရုံးတွေ ပုံမှန်မလည်ပတ်သေးတာကြောင့် ကမ္ဘာ့ဘဏ်အခြေခံပြီးတွက်ချက်တဲ့အချက်အလက်၊ မြန်မာအစိုးရ တွက်ချက်ထားတဲ့ ကိန်းဂဏန်းနှစ်ခုလုံးကို အတိအကျယှဉ်ပြလို့မရသေးပေမဲ့ COVID ကြောင့် တတိယနဲ့စတုတ္ထ ဒီသုံးလပတ် ၂ ခုမှာ မြန်မာ့စီးပွားရေးကျသွားနိုင်တယ်လို့ ဘက်ဂျက်လေ့လာသူ စီးပွားရေးပညာရှင် ဦးဖော်ဖေဝင်းကပြောပါတယ်။ “နယ်စပ်ကုန်သွယ်ရေးကလည်း အကုန်လုံးလိုလို ကျဆင်းနေတယ်၊ တရားဝင်ပုံမှန် ကုန်သွယ်ရေးကလည်းပဲ သိပ်ပြီးတော့ တိုးတက်မှုမရှိဘူးပေါ့နော်။ အကုန်လုံးခြုံလိုက်ရင်တော့ 1st quarter ၊ 2nd quarter က ဂဏန်းတွေ အဲဒါတွေနဲ့ တွက်ထားတဲ့ ဟာကတော့ အသင့်အတင့် တိုးတက်မှု ရှိတယ်ပေါ့နော်။ သို့သော်လည်းပဲ 3rd quarter နဲ့ 4th quarter မှာကတော့ တိုးတက်မှုက သိပ်ပြီးတော့ဖြစ်လိမ့်မယ်လို့မယူဆနိုင်ပါဘူး။ ကျတောင်ကျဆင်းသွားနိုင်တယ်လို့ ယူဆတာပေါ့နော်။”

စီးပွားရေး ပြန်လည်ကုစားတဲ့နေရာမှာ သက်ဆိုင်ရာဌာနတွေက ဘဏ္ဍာရေးငွေကို မှန်မှန်ကန်ကန်နဲ့မြန်မြန်ဆန်ဆန် အသုံးချမယ်ဆိုရင် ကမ္ဘာ့ဘဏ်ခန့်မှန်းထားသလောက်ထိ ကျဆင်းသွားနိုင်မယ်လို့မထင်ကြောင်း စီးပွားရေးပညာရှင် ဒေါက်တာအောင်ကိုကိုကပြောပါတယ်။ “ကျနော်တို့နိုင်ငံရဲ့ လက်ရှိ ရှိနေတဲ့ financial space ပေါ့နော် ဘယ်လောက်ရှိသလဲပေါ့။ တနည်းပြောရရင် နိုင်ငံတကာက ချေးတာတွေပါတယ်၊ အကူအညီပေးတာတွေပါတယ်။ ဗဟိုဘဏ်က အရန်ငွေကြေးတွေ ပါတယ်။ နောက်တခုက အစိုးရကနေ ၅၀၀ ဘီလီယံထုတ်ပြီး လုပ်ငန်းတွေကို တနှစ်၊ အဲဒီတနှစ်ကနေ ထပ်ပြီး သက်တမ်းတိုးပေးမယ်ဆိုတဲ့ အရိပ်လက္ခဏာတွေလည်း စတွေ့နေရတယ်ပေါ့။ ဒါတွေကိုပေါင်းခြုံလိုက်ရင် ကျနော်ထင်တာတော့ ၀.၅ ဆိုတာ ဒါပြင်လို့တော့ရပါတယ်။ သူတို့ (ကမ္ဘာ့ဘဏ်) ကလည်းပြောတာ ဖြစ်နိုင်ခြေရှိတယ်လို့ပဲ ပြောတဲ့သဘောလို့ကျနော်ထင်တယ်။”

မြန်မာအစိုးရက ကဏ္ဍတချို့မှာ ရင်းနှီးမြှုပ်နှံမှုတွေတိုးချဲ့နေတာဖြစ်လို့ လာမယ့်ကမ္ဘာ့စီးပွားရေးလည်း အလျင်အမြန် ပြန်ကောင်းလာမယ်ဆိုရင် လာမယ့်ဘဏ္ဍာနှစ်မှာ မြန်မာ့စီးပွားရေးတိုးတက်မှုက ၇.၂ ရာခိုင်နှုန်းအထိ ပြန်ရောက်လာနိုင်တယ်လို့ ပုံမှန်အခြေအနေအပေါ်မှာကမ္ဘာ့ဘဏ်ကတော့ တွက်ဆထားပါတယ်။ မြန်မာအစိုးရကတော့ CERP လို့ခေါ်တဲ့ စီးပွားရေးသက်ရောက်မှုများ ပြန်လည်ကုစားရေးအစီအစဉ်ကို အချိန်မီဆောင်ရွက်ခဲ့ပါတယ်။ ဒါရဲ့ရည်ရွယ်ချက်ကတော့ တိုင်းပြည်စီးပွားရေးတည်ငြိမ်ဖို့၊ စီးပွားရေးလုပ်ငန်းတွေကိုပံ့ပိုးဖို့၊ ချို့တဲ့သူတွေကို အကာအကွယ်ပေးဖို့၊ ပြီးတော့ဖြစ်လာနဲ့ အန္တရာယ်တွေကနေ ကြိုတင်ကာကွယ်နိုင်ဖို့ဖြစ်ပါတယ်။ အခုအကျပ်အတည်းက ကျန်းမာရေးနဲ့စီးပွားရေး ဒီကဏ္ဍနှစ်ခုမှာ ညှိနှိုင်းဆောင်ရွက်မှုတွေ အရေးတကြီးလိုအပ်တယ်ဆိုတာကို မီးမောင်းထိုးပြခဲ့တယ်လို့ ကမ္ဘာ့ဘဏ်ရဲ့ထုတ်ပြန်ချက်မှာ ဖော်ပြထားပါတယ်။

အခြေခံအဆောက်အအုံမှာ ရင်းနှီးတာ၊ ဝန်ဆောင်မှုကဏ္ဍ တိုးချဲ့တာ၊ ပို့ကုန်တိုးလာတာ၊ တဦးချင်းဝယ်ယူစားသုံးတဲ့နှုန်း ပြန်တက်လာတာ ဒီအချက်တွေနဲ့ ကမ္ဘာ့စီးပွားရေးပုံမှန်အခြေအနေအပေါ်မူတည်ပြီး မြန်မာ့စီးပွားရေးဟာ လာမယ့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်မှာစီးပွားရေးတိုးတက်မှု ၇.၂ ရာခိုင်နှုန်းကို ပြန်ရောက်လာမယ်လို့ ကမ္ဘာ့ဘဏ်ကခန့်မှန်းတာပါ။ ဒါပေမဲ့ စိန်ခေါ်မှုကြီးကြီးရှိနေတာကတော့ ကမ္ဘာ့စီးပွားရေး အခြေအနေနဲ့ ခန့်မှန်းရခက်တဲ့ COVID ကပ်ရောဂါအခြေအနေလို့ ကမ္ဘာ့ဘဏ်က ထောက်ပြပါတယ်။

**Source:**ဗွီအိုအေ(မြန်မာပိုင်း)

https://burmese.voanews.com/a/myanmar-business-world-bank/5477129.html

## လာမည့်နှစ်အတွက် ကိုဗစ်-၁၉ ပြန်လည်ထူထောင်ရေး ရန်ပုံငွေ ကျပ် ၁၅၀၀ ဘီလီယံကျော် သီးသန့်ထားရှိ

လာမည့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်အတွင်း ကိုဗစ်-၁၉ ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်များ သုံးစွဲရန် ကျပ် ၁၅၀၀ ဘီလီယံကျော် သီးသန့်ခွဲဝေ လျာထားကြောင်း စီမံကိန်း၊ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ပြောသည်။ ''ဘဏ္ဍာရေး ကော်မရှင်ပြီးတဲ့အထိ ကျွန်တော်တို့ထည့်ထားတာက ကျပ် ၁၅၄၅ ဘီလီယံရှိပါတယ်။ ပြည်ပချေးငွေနဲ့။ ဒါကိုဗစ်အတွက် သတ်သတ်ပေးထားတာ။ သုံးတဲ့နေရာမှာတော့ ဖြန့်ပြီးသုံးမှာပေါ့''ဟု နေပြည်တော်တွင် ဇွန်၂၄ ရက်နေ့က ကျင်းပခဲ့သည့် အစိုးရ၏ စတုတ္ထတစ်နှစ်တာအတွင်း ဆောင်ရွက်ခဲ့မှုများနှင့်စပ်လျဉ်းသည့် သတင်းစာရှင်းလင်းပွဲတွင် ၎င်းက မြန်မာတိုင်းမ်သို့ ပြောသွားခဲ့ခြင်းဖြစ်သည်။

ပြည်ထောင်စုအစိုးရသည် လာမည့် ဘဏ္ဍာရေးနှစ်အတွက် စုစုပေါင်းအသုံးစရိတ်အဖြစ် ကျပ် ၃၄၆၅၂ဘီလီယံ လျာထားခဲ့သောကြောင့် ကိုဗစ် ပြန်လည်ထူထောင်ရေးအတွက် ခွဲဝေမည့်ရန်ပုံငွေသည် ၄ ဒသမ ၅ ရာခိုင်နှုန်းခန့် ပါဝင်ကြောင်း တွေ့ရသည်။ သို့သော်လည်း အထက်ပါခွဲဝေလျာထားချက်သည် ဇွန် ၂၂ ရက်နေ့က ကျင်းပခဲ့သည့် ဘဏ္ဍာရေးကော်မရှင် အစည်းအဝေး၏ အတည်ပြုမှုသာဖြစ်သေးပြီး ပြည်ထောင်စုလွှတ်တော်၏အတည်ပြုချက်ယူရဦးမည်ဖြစ်သည်။ အထက်ပါ ကျပ် ၁၅၀၀ ဘီလီယံကျော်သည် ဝန်ကြီးဌာနအသီးသီးက ၎င်းတို့သုံးစွဲမည့် ကိုဗစ်-၁၉ ပြန်လည်ထူထောင်ရေး လုပ်ငန်းများအတွက် တင်ပြထားသည့် လျာထားချက်များဖြစ်ပြီး ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနတို့က ပိုများကြောင်းလည်း ၎င်းကဆက်လက် ပြောကြားသွားသည်။ အဆိုပါ လျာထားအသုံးစရိတ်များအတွက် IMF၊ World Bank၊ JICAနှင့် ADB တို့ထံမှ ချေးယူသွားရန်ရှိနေသည်။ ''ဒီလေးဖွဲ့က ကိုဗစ်အတွက်ပေးတယ်''ဟုလည်း ဦးမောင်မောင်ဝင်းက ရှင်းလင်းပြောကြားခဲ့သည်။

လက်ရှိဘဏ္ဍာရေးနှစ်တွင်လည်း အစိုးရသည် ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်ကုသရေးနှင့်ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် ရန်ပုံငွေ ကျပ် ဘီလီယံ ၁၆၀ ကျော် သုံးစွဲထားကြောင်းသိရသည်။ အခြေခံပြည်သူများအတွက် ဆန်၊ဆီ၊ဆား၊ ပဲ၊ ကြက်သွန်နီတို့ထောက်ပံ့ခြင်းအတွက် ကျပ် ၄၉ ဒသမ ၄ ဘီလီယံသုံးစွဲခဲ့ပြီး တစ်အိမ်ထောင်လျှင် ကျပ်နှစ်သောင်း ထောက်ပံ့ရန်အတွက်လည်း ကျပ် ၂၁ ဒသ ၇ ဘီလီယံ သုံးစွဲသွားမည်ဖြစ်သည်။ ထို့အပြင်တောင်သူများကိုလည်း တစ်ဧကလျှင် ကျပ် ငါးသောင်းနှုန်းထုတ်ချေးသွားဦးမည်ဖြစ်သည်။ အထက်ပါအစီအစဉ်များအပြင် ပြန်လည်ထူထောင်ရေးလုပ်ငန်းတစ်ခုဖြစ်သော စီးပွားရေးလုပ်ငန်းများကို သက်သာသောအတိုးနှုန်းဖြင့် ထုတ်ချေးရန်အတွက်လည်း ကျပ်ဘီလီယံတစ်ရာခွဲဝေစီမံထားပြီးဖြစ်သည်။ ''၁၈.၆.၂၀၂၀ ရက်နေ့အထိ လုပ်ငန်းပေါင်း ၃၄၀၆၀ ခုအတွက် ကျပ် ၁၀၉ ဘီလီယံ ခွင့်ပြုထားပြီး ဖြစ်ပါတယ်''ဟု ၎င်းက ပြောသွားခဲ့သည်။

**Source:** https://myanmar.mmtimes.com/news/140675.html

## Covid-19 ကာလအတွေ့အကြုံများကြောင့် ကဏ္ဍသုံးခုကို အဓိကထား ရင်းနှီးမြှုပ်နှံမှုဆွဲဆောင်မည်

Covid-19 ကာလကြုံတွေ့ခဲ့ရသော အနေအထားများကြောင့် ကျန်းမာရေး၊ လယ်ယာ၊ သားငါးကဏ္ဍနှင့် စက်မှုဇုန်စသည့် ကဏ္ဍသုံးခုအား အဓိကထား၍ ရင်းနှီးမြှုပ်နှံမှုများဆွဲဆောင်သွားမည်ဟု ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးသန့်စင်လွင်ကပြောသည်။ ''ကိုဗစ်ဖြစ်သွားပြီးနောက် ကြုံတွေ့ရတဲ့အနေအထားအပေါ် မူတည်ပြီး နံပတ် ၁ ကတော့ ကျန်းမာရေးနဲ့ပတ်သက်တဲ့ ရင်းနှီးမြှုပ်နှံမှုမျိုး ဆွဲဆောင်ဖို့ စီစဉ်ထားပါတယ်။ ဒါနဲ့ပတ်သက်တဲ့ အများလူသိများတဲ့ Mask ၊ PPE ၊ Handgel တို့ဖြစ်ပါတယ်။ ဒုတိယလုပ်မှာကတော့ လယ်ယာ၊ သား၊ ငါးကဏ္ဍကို ဖွံ့ဖြိုးတိုးတက်အောင် ဆက်လက်ဆွဲဆောင်သွားဖို့ဖြစ်ပါတယ်''ဟု ၎င်းကပြောသည်။

ရင်းနှီးမြှုပ်နှံမှုဆွဲဆောင်ရာတွင် လယ်ယာကဏ္ဍနှင့်သား၊ငါးကဏ္ဍအတွက် လည်ပတ်မှုတစ်ခုလုံးကို ဆောင်ရွက်ရန်အတွက် မျှော်မှန်းထားပြီး တတိယအနေဖြင့် စက်မှုဇုန်များ ဖော်ဆောင်ရေးဖြစ်သည်။ စက်မှုဇုန်များဖော်ဆောင်ခြင်းအားဖြင့် အလုပ်အကိုင်၏ရရှိမည်ဖြစ်ပြီး ပြည်တွင်း၌ကြုံတွေ့နေရသော အလုပ်သမားရှားပါးမှု၊အလုပ်အကိုင်ရရှိမှုအခက်အခဲကို ဖြေရှင်းပေးနိုင်မည့်အခြေအနေဖြစ်သည်။

အဆိုပါကဏ္ဍသုံးခုကို ဦးစားပေး၍ ရင်းနှီးမြှုပ်နှံမှုဖိတ်ခေါ်မည်ဖြစ်ပြီး ဒစ်ဂျစ်တယ်နည်းပညာ ရင်းနှီးမြှုပ်နှံမှုများကိုလည်း ဆွဲဆောင်သွားမည်ဟု ဦးသန့်စင်လွင်ကပြောသည်။ ''ဒါကတော့ အခုနောက်ဆုံးဖြစ်ပေါ်လာတဲ့ ကိုဗစ် -၁၉ အခြေအနေတွေအရ ဆောင်ရွက်ထားတာဖြစ်တယ်။လယ်ယာ၊ သား၊ ငါးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ၊ စက်မှုဇုန်ကဏ္ဍတွေမှာ ရင်းနှီးမြှုပ်နှံဖို့လာရောက် အဆိုပြုလာတာရှိပါတယ်''ဟု၎င်းကဆိုသည်။ နိုင်ငံတော်ကဆောင်ရွက်နေသည့် ကိုဗစ်-၁၉ စီးပွားရေးကုစားမှု အစီအစဉ် (Covid-19 Economic Relief Plan) ဖြေရှင်းရေးစီမံချက်အရ ဆောင်ရွက်ရမည့်အစီအစဉ်များထဲတွင်ပါဝင်သော အချက်များနှင့် တူညီသည့်အတွက် CERPအရ ရင်းနှီးမြှုပ်နှံမှုဆွဲဆောင်ရန် ဖော်ဆောင်ထားခြင်းဖြစ်သည်ဟုသိရသည်။

လက်ရှိတွင် ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၏ ၂၀၂၀ ခုနှစ်၊မေလကုန်အထိ ရင်းနှီးမြှုပ်နှံမှုချပေးထား

သောစာရင်းများအရ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဝင်ရောက်ထားမှုသည် ရေထွက်ကုန်နှင့်ငါးလုပ်ငန်းကဏ္ဍတွင် စုစုပေါင်းလုပ်ငန်း ၇၀ တွင် အမေရိကန်ဒေါ်လာ ၇၈၈ သန်းကျော်ဖိုးဝင်ရောက်ထားပြီး ရင်းနှီးမြှုပ်နှံမှုကဏ္ဍအားလုံး၏ သုည ဒသမ ၉၂ ရာခိုင်နှုန်းသာရှိသည်။

အလားတူ စိုက်ပျိုးရေးကဏ္ဍတွင်လည်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုသည် ၁ ရာခိုင်နှုန်းပင်မပြည့်ပဲ လွန်စွာနည်းနေသည်ကို တွေ့ရသည်။ ယင်းကဏ္ဍရှိ လုပ်ငန်း ၃၆ ခု တွင် ရင်းနှီးမြှုပ်နှံမှုပမာဏ ၄၂၈ သန်း ခန့်ဖိုးဝင် ရောက်ထားပြီး ရင်းနှီးမြှုပ်နှံမှု ကဏ္ဍအားလုံး၏ သုည ဒသမ ၅၀ ရာခိုင်နှုန်းသာ စိုက်ပျိုးကဏ္ဍတွင်ရှိသည်။ ကျန်းမာရေးကဏ္ဍသည် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဝင်ရောက်ထားမှု ဖော်ပြစာရင်းတွင်ပင် မတွေ့ရပေ။

**Source:** https://myanmar.mmtimes.com/news/140663.html

## ပြည်ပသို့ ဆန်နှင့်ဆန်ကွဲ တန်ချိန်နှစ်သန်းကျော်တင်ပို့ထား

ပြည်ပသို့ ဆန်နှင့်ဆန်ကွဲတင်ပို့မှုအနေနှင့် ၂၀၁၉ ခုနှစ် အောက်တိုဘာလ ၁ ရက်နေ့မှ ဖွန်လ ၁၂ ရက်နေ့အထိ မက်ထရစ်တန်ချိန် နှစ်သန်းကျော်တင်ပို့ထားကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်ထံမှသိရသည်။ ဆန်ကို နိုင်ငံပေါင်း ၆၆ နိုင်ငံသို့ တန်ချိန် ၁ ဒသမ ၃ သန်းကျော်တင်ပို့ထားကာ ဆန်ကွဲကို နိုင်ငံပေါင်း ၅၇ နိုင်ငံသို့ တန်ချိန် ၇၂၀,၀၀၀ ကျော် တင်ပို့နိုင်ပြီး စုစုပေါင်းတင်ပို့ငွေ အမေရိကန်ဒေါ်လာ ၆၀၅ သန်းရရှိထားကြောင်း ယင်းအသင်းချုပ်ထံမှသိရသည်။ မြန်မာနိုင်ငံမှ ဆန်အများဆုံးတင်ပို့နိုင်သည့်နိုင်ငံများမှာ တရုတ်၊ မဒက်ဂါစကား၊ မလေးရှား၊ ဖိလစ်ပိုင်၊ အိုင်ဗရီကို့စ်တို့ကိုတင်ပို့ထားပြီး ဆန်ကွဲကို ဘယ်လ်ဂျီယံ၊ ဆီနီဂေါ၊ တရုတ်၊ အင်ဒိုနီးရှားနှင့် နယ်သာလန်တို့ကို အများဆုံးတင်ပို့ထားခြင်းဖြစ်သည်။

ယခု ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် အောက်တိုဘာလ ၁ ရက်နေ့မှ ဖွန်လ ၁၂ ရက်နေ့အထိ တင်ပို့မှုမှာယခင်နှစ်တင်ပို့မှုနှင့် နှိုင်းယှဉ်ပါက မက်ထရစ်တန် ၃ သိန်းကျော် ပိုမိုတင်ပို့နိုင်ပြီး တင်ပို့ငွေ အမေရိကန်ဒေါ်လာသန်း ၉၀ ကျော်ပိုမိုရရှိကြောင်း ပြည်ပတင်ပို့မှုစာရင်းများအရသိရသည်။

ပြည်ပသို့ဆန်နှင့် ဆန်ကွဲတင်ပို့ရာတွင် ရာခိုင်နှုန်းအရပါဝင်မှုမှာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ၂၇ ရာခိုင်နှုန်း၊ ဥရောပ သမဂ္ဂ (အီးယူ) ဈေးကွက်နိုင်ငံသို့ ၁၉ ဒသမ ၃၁ ရာခိုင်နှုန်း၊ အာဖရိကဈေးကွက်နိုင်ငံသို့ ၃၂ ဒသမ ၇၄ ရာခိုင်နှုန်း၊ အခြားနိုင်ငံများသို့ ၂၀ ဒသမ ၉၅ ရာခိုင်နှုန်းတင်ပို့ထားကြောင်း ယင်းအသင်းချုပ်ထံမှသိရသည်။

**Source : The Voice**

https://news.ydnp.net/353172/

## တရုတ်သို့ နာနတ်သီးတင်ပို့ခွင့်ရရန် နာနတ်သီးစိုက်တောင်သူများလိုလား



တရုတ်သို့ နာနတ်သီးတင်ပို့ခွင့်ရရန် နာနတ်သီးစိုက်တောင်သူများ လိုလားလျှက်ရှိကြောင်း မြန်မာနိုင်ငံ နာနတ်သီးစိုက်ပျိုးထုတ်လုပ် တင်ပို့ ရောင်းချသူများအသင်းထံမှသိရသည်။ မြန်မာနိုင်ငံမှ အဓိက နာနတ်သီး တင်ပို့သည့် တရုတ်နိုင်ငံအနေဖြင့် ပြီးခဲ့သည့်နှစ် ဇွန် ၁၆ ရက်မှစ၍ မြန်မာ နာနတ်သီးများတင်ပို့ရောင်းချခွင့်ကို ပိတ်ထားပြီး နာနတ်သီးတင်ပို့မည် ဆိုပါက မြန်မာနိုင်ငံရှိ စိုက်ပျိုးရေးဦးစီးဌာနမှ ထုတ်ပေးသော အပင်ပိုးမွှား ကင်းစင်ကြောင်း ထောက်ခံချက်လက်မှတ်ရရှိမှသာ တင်ပို့ရမည်ဖြစ်ကြောင်း သိရသည်။

သို့ဖြစ်၍ စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် အပင်ပိုးမွှားကင်းစင်ကြောင်း ထောက်ခံချက်လက်မှတ်ရရှိရန် အမြန်ကူညီပေးစေလိုကြောင်း မြန်မာနိုင်ငံ နာနတ်သီးစိုက်ပျိုးထုတ်လုပ်တင်ပို့ ရောင်းချသူများအသင်းထံမှသိရသည်။ ယခင်က မြန်မာနိုင်ငံမှ ထွက်ရှိသည့် နာနတ်သီးကို တရုတ်နိုင်ငံသို့ ၅၀ ရာခိုင်နှုန်းတင်ပို့ပြီး ပြည်တွင်း၌ ၅၀ ရာခိုင်နှုန်းဖြန့်ဖြူးရောင်းချပေးလျှက် ရှိသည်။ ထို့ကြောင့် နယ်စပ်ကုန်သွယ်ရေး(Boder Trade)အနေဖြင့် တရုတ်နိုင်ငံ ယူနန်ပြည်နယ်သို့သာ တင်ပို့ခွင့်ရရေး

နာနတ်သီးစိုက်တောင်သူများ လိုလားလျှက်ရှိကြောင်း မြန်မာနိုင်ငံနာနတ်သီး စိုက်ပျိုးထုတ်လုပ်တင်ပို့ ရောင်းချသူများအသင်းမှ အတွင်းရေးမှူး စိုင်းကျော်ညွှန့်ကပြောသည်။ "ကျွန်တော်တို့က တရုတ်ပြည်ကို ပို့ပြီးမက်တာ၊ ဘာကြောင့်လည်းဆိုတော့ တရုတ်ပြည်က ပွဲစားတစ်ယောက်ဆိုရင် ကျွန်တော်တို့ တစ်ရက်ကို ၁၂ ဘီးကား အစီး ၂၀ ယူတဲ့ ပွဲစားတောင်ရှိတယ်၊ ကျွန်တော်တို့ ၂၀၁၉ မတိုင်မီ ကျွန်တော်တို့ ဆယ်နှစ်လောက်က သူတို့ကို ရောင်းထားတာလေ၊ ပြောချင် တာကတော့ တရုတ်ပြည်လမ်းကြောင်းလေးပွင့်အောင်ပဲ ဝိုင်းဝန်းကြိုးပမ်းရင်တော့ တခြားနိုင်ငံတွေကို ကျွန်တော်တို့ရောင်းမှာထက် ပိုပြီးတော့ အဆင်ပြေနိုင်မယ်ထင်တယ်"ဟု စိုင်းကျော်ညွှန့်ကပြောသည်။

လက်ရှိ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံသစ်သီးဝလံပန်းမန်နှင့်ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းတို့ပူးပေါင်း၍ စင်ကာပူနိုင်ငံမှတစ်ဆင့် အခြားနိုင်ငံများသို့ နာနတ်သီးတင်ပို့ရောင်းချရန် နာနတ်သီးနမူနာများ ရယူပြသပြီး ဈေးကွက်ရှာဖွေနေသည့်အပြင် ပြည်တွင်းတွင်လည်း တိုက်ရိုက်ရောင်းချသည့်စနစ်ဖြင့် ရောင်းချနိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

မြန်မာနိုင်ငံအနေဖြင့် နာနတ်သီးကိုတရုတ်သို့ နှစ်စဉ်ပျမ်းမျှ တန် ၄၀,၀၀၀ နီးပါးတင်ပို့နေပြီး ပြီးခဲ့သည့်နှစ် ရှမ်းမြောက် နာနတ်အုပ်စုမှာ နာနတ်သီး တန်ချိန် ၂၅၀၀၀ အတွက် သိန်းပေါင်း ၇၀၀၀ ကျော်ဆုံးရှုံးခဲ့ကြောင်းသိရသည်။ ယခုနှစ်တွင်လည်း နာနတ်သီးကို မြန်မာတစ်နိုင်ငံလုံး စိုက်ဧက ၃၅၀၀၀ ခန့်ရှိပြီး သီပေါတွင် ၅၅ ရာခိုင်နှုန်း၊ လားရှိုးတွင် ၁၇ရာခိုင်နှုန်း၊ တန့်ယန်းတွင် ၉ ရာခိုင်နှုန်း၊ ဆိုက်ခေါင်တွင် ၆ ရာခိုင်နှုန်း၊ မိုင်းကိုင်၊ နမ့်ဆန်နှင့် အခြားဒေသများတွင် ၁၃ ရာခိုင်နှုန်းခန့်ရှိကာ နာနတ်သီးမှာ ယခုဇွန်လမှစတင်ကာ ဇူလိုင်၊ ဩဂုတ်တွင်လှိုင်လှိုင်ထွက်ပေါ်မည်ဖြစ်ကြောင်း၊ ယခုနှစ်တွင် တရုတ်သို့မတင်ပို့နိုင်ပါက ပြီးခဲ့သည့်နှစ်ထက် အရှုံးပိုများနိုင်ကြောင်း စိုင်းကျော်ညွှန့်က ထပ်မံပြောကြားသည်။

နာနတ်စိုက်ပျိုးသူ တောင်သူများအနေဖြင့် တစ်ဧကဒေသစိုက်ဆိုပါက အပင် ၆၀၀၀ မှ ၁၀၀၀၀ ကြားဆန့်ပြီး နည်းစနစ်သစ်နှင့်စိုက်ပျိုးပါက အပင် ၁၅၀၀၀ ထိဆံ့ကာ ပျမ်းမျှတစ်ဧကကို စိုက်စားရိတ် ၁၀ သိန်းပါတ်ချာလည်ရှိကြောင်း၊ ယခင် တရုတ်ကိုတင်ပို့ပါက အခင်းဈေး တစ်လုံးကျပ် ၃၅၀ မှ ၇၅၀ ကျပ်အထိပေါက်ခဲ့ပြီး ပျမ်းမျှ တစ်ဧက ၂၅ သိန်းခန့် ရသဖြင့် တွက်ခြေ ကိုက်ကြောင်း၊ ယခင် တရုတ်နိုင်ငံမှ တစ်ရက်လျှင် တန် ၃၀၀ မှ ၅၀၀ အထိ အဝယ်ရှိကြောင်း သိရသည်။ သို့ဖြစ်၍ နာနတ်စိုက်ပျိုးသူ တောင်သူများအတွက် အနည်းဆုံး တရုတ်နိုင်ငံ၊ အကောက်ခွန် အထွေထွေအုပ်ချုပ်မှုအာဏာပိုင်အဖွဲ့ (GACC) စာရင်းတွင် မပါသေးသော်လည်း ယူနန်နှင့်ရောင်းဝယ်ခွင့်စာရင်းတွင်ပါဝင်အောင် အထူးညှိနှိုင်းပေးရန်၊ COVID ချေးငွေကို နာနတ်ကဏ္ဍအကျုံးဝင်အောင် ထည့်ပေးနိုင်ရန်၊ တန်ဘိုးမြှင့်ထုတ်ကုန်ဈေးကွက် ရုတ်တရက်မသေချာသော်လည်း နာနတ်သီး အနှစ်တိုက်အေးခဲခြင်းနှင့် ဖျော်ရည်လုပ်ငန်း၊ နာနတ်ရှာလကာရည်လုပ်ငန်းမှာ ခပ်မြန်မြန်ရင်းနှီးထားနိုင်ရေး နှစ်ရှည်ချေးငွေ ရရန်၊ စင်ကာပူနှင့် အခြားဈေးကွက်များကို ဇူလိုင်၊ ဩဂုတ်အတွင်း တင်ပို့ပေးနိုင်မည့်။

**Source:** https://www.foodindustrydirectory.com.mm/food-industry/food-livestock/item/3084-do-you-want-pineapple-farmers-to-export-to-china.html

## မေလတွင် စင်ကာပူနိုင်ငံ၏ ကုန်သွယ်မှု ၂၅ ရာခိုင်နှုန်းကျဆင်း

၂၀၂၀ ခုနှစ်၊ မေလတွင် စင်ကာပူ၏ ကုန်စည်ကုန်သွယ်မှုသည် ယခင်နှစ်ကာလတူနှင့် နှိုင်းယှဉ်ပါက (-) ၂၅ ရာခိုင်နှုန်း ကျဆင်းခဲ့သည့်အတွက် ဧပြီလတွင် ဖြစ်ပေါ်ခဲ့သော (-) ၁၂.၉ ရာခိုင်နှုန်းထက် ပိုမိုထိုးဆင်းသွားခဲ့ကြောင်း၊ မေလအတွင်း ပို့ကုန်ပိုင်းအနေဖြင့် (-) ၂၃.၉ ရာခိုင်နှုန်း နှင့် သွင်းကုန်ပိုင်းအနေဖြင့် (-) ၂၆.၂ ရာခိုင်နှုန်း လျော့နည်းခဲ့ကြောင်း စင်ကာပူနိုင်ငံ ကုန်သွယ်ရေး နှင့်စက်မှုဝန်ကြီးဌာနက ၁၇ - ၆ - ၂၀၂၀ ရက်နေ့တွင် သတင်းထုတ်ပြန်ထားပါသည်။

ကာလအလိုက်ညှိနှိုင်းထားသောစာရင်းအရ မေလအတွင်း စင်ကာပူဒေါ်လာ ၃၇.၅ ဘီလီယံ တင်ပို့ခဲ့ပြီး၊ စင်ကာပူဒေါ်လာ ၃၃ ဘီလီယံ တင်သွင်းခဲ့သည့်အတွက် စုစုပေါင်း ကုန်သွယ်မှုပမာဏသည် စင်ကာပူဒေါ်လာ ၇၀.၅ ဘီလီယံ ရရှိခဲ့ပါသည်။

စင်ကာပူနိုင်ငံ၏ စက်သုံးဆီမဟုတ်သောပြည်တွင်းထုတ်ပို့ကုန် (Non-Oil Domestic Exports) မှာ ဧပြီလတွင် ၉.၇ ရာခိုင်နှုန်း တိုးမြှင့်တင်ပို့နိုင်ခဲ့သောအခြေအနေနှင့်ဆန့်ကျင်လျက် မေလတွင် (-) ၄.၅ ရာခိုင်နှုန်း ကျဆင်းခဲ့ပါသည်။ စက်သုံးဆီ

မဟုတ်သောပြည်တွင်းထုတ်ပို့ကုန်တွင် အီလက်ထရွန်နစ်ပစ္စည်းမဟုတ်သောပို့ကုန်နှင့် အီလက်ထရွန်နစ်ပစ္စည်းပို့ကုန်ဟူ၍ နှစ်မျိုးထပ်ခွဲ ထားပြီး၊ အီလက်ထရွန်နစ်ပစ္စည်းပို့ကုန်မှာ ၁၂.၅ ရာခိုင်နှုန်း တိုးတက်ခဲ့သော်လည်း အီလက်ထရွန်နစ်ပစ္စည်းမဟုတ်သောပို့ကုန်မှာ (-) ၈.၈ ရာခိုင်နှုန်း လျော့နည်းခဲ့ပါသည်။ အီလက်ထရွန်နစ်ပစ္စည်း ပို့ကုန်တိုးတက်ခဲ့ခြင်းမှာ အဓိကအားဖြင့် ICs ၊ Disk Drives နှင့် Disk Media တို့ကို ၂၂.၅ ရာခိုင်နှုန်း၊ ၂၃.၆ ရာခိုင်နှုန်းနှင့် ၅၁.၅ ရာခိုင်နှုန်း အသီးသီးတိုးမြှင့်တင်ပို့နိုင်ခဲ့ခြင်းကြောင့်ဖြစ်ပြီး၊ အီလက်ထရွန် နစ်ပစ္စည်းမဟုတ်သောပို့ကုန်များ တင်ပို့မှုကျဆင်းခဲ့ခြင်းမှာ အထူးသဖြင့် Food Preparation (-၂၄.၅%) ၊ ရေနံဓာတုပစ္စည်း (-၃၁.၂ %) နှင့် non-electric စက်နှင့်မော်တာများ (-၅၅%) ကို လျော့နည်းတင်ပို့နိုင်ခဲ့သောကြောင့်ဖြစ်ပါသည်။

စင်ကာပူသည် စက်သုံးဆီမဟုတ်သောပြည်တွင်းထုတ်ပို့ကုန်များကို ၎င်း၏ အဓိကဈေးကွက် များအနက်မှ အီးယူ၊ တရုတ်၊ ဟောင်ကောင်၊ မလေးရှား၊ အင်ဒိုနီးရှားနှင့် ထိုင်းဈေးကွက်များသို့ တင်ပို့မှုကျဆင်းခဲ့သော်လည်း အမေရိကန် (၅၀.၆%) ၊ ဂျပန် (၅၂.၉%) နှင့် ထိုင်ဝမ်(၂၇.၂%) ဈေးကွက်များသို့ တိုးတက်တင်ပို့နိုင်ခဲ့ကြောင်းဖော်ပြထားပါသည်။

စက်သုံးဆီတင်ပို့မှုပိုင်းတွင် အထူးသဖြင့် မလေးရှား (- ၈၅.၃%) ၊ အင်ဒိုနီးရှား (- ၈၁.၇%) နှင့် ဟောင်ကောင် (- ၇၆.၃%) သို့ တင်ပို့မှုကျဆင်းခဲ့သောကြောင့် မေလတွင် စင်ကာပူ၏စက်သုံးဆီပို့ကုန်သည် (-) ၇၆.၂ ရာခိုင်နှုန်းအထိ လျော့ကျခဲ့ကြောင်းနှင့် စက်သုံးဆီမဟုတ်သော ကုန်ပစ္စည်းများပြန်လည်တင်ပို့မှု (Non-Oil Re-exports) အခြေအနေမှာလည်း (-) ၁၅.၉ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်းသိရှိရပါသည်။

**Source:** Ministry of Trade & Industry, Singapore

**စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ စင်ကာပူ**

## အကောက်ခွန်နှင့်အကောက်ခွန်မဟုတ်သော အစီအမံများအား အိန္ဒိယအစိုးရက တိုးမြှင့်ချမှတ်ဆောင်ရွက်ရန် စီစဉ်လျက်ရှိခြင်း

အိန္ဒိယနိုင်ငံအနေဖြင့် တရုတ်နိုင်ငံနှင့် နယ်စပ်ပြဿနာများ ဖြစ်ပေါ်ဖြေရှင်းနေရချိန်၌ တရုတ်နိုင်ငံမှ ထုတ်လုပ်တင်သွင်းသည့် ကုန်စည်များအပေါ် အဓိကဦးတည်လျက် အကောက်ခွန်နှင့်အကောက်ခွန်မဟုတ်သောအစီအမံများအား တိုးမြှင့်ချမှတ်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းဌာနများက ရေးသားဖော်ပြချက်အရသိရှိရသည်။

အိန္ဒိယအစိုးရသည် တရုတ်နိုင်ငံမှ တင်သွင်းသည့် ကုန်ပစ္စည်းအမယ်ပေါင်း ၃၀၀ ခန့် အပေါ် အခွန်တိုးမြှင့်ကောက်ခံရန်နှင့် ကုန်သွယ်မှုအဟန့်အတားများ တိုးမြှင့်ချမှတ်ရန် စီစဉ်လျက်ရှိသည်ဟု ဌာနဆိုင်ရာအရာရှိအချို့ကပြောဆိုကြောင်း၊ ၎င်းတို့အနက် ကုန်စည်အမယ်ပေါင်း ၁၆၀ မှ ၂၀၀ ခန့်မှာ သွင်းကုန်အခွန်တိုးမြှင့်မည်ဖြစ်ပြီး ကောက်ခံမည့်စနစ်အား ရှေ့လာမည့် ၃ လ အတွင်း တဖြည်းဖြည်းချင်း ဖော်ဆောင်သွားဖွယ်ရှိကြောင်း၊ ကုန်စည် ၁၀၀ ခန့်အပေါ် သွင်းကုန် လိုင်စင်ဆိုင်ရာ သို့မဟုတ် အရည်အသွေးပိုင်းဆိုင်ရာ လိုအပ်ချက်များအား ချမှတ်ဆောင်ရွက်မည်ဖြစ်ကြောင်း၊ သို့ဖြစ်ရာ ပြည်တွင်းရှိ အိန္ဒိယကုန်ထုတ်လုပ်ငန်းရှင်များ၏ ယှဉ်ပြိုင်လုပ်ကိုင်နိုင်မှုကို ထိခိုက်စေလျက်ရှိသော တန်ဖိုးအားဖြင့် ဒေါ်လာ ၈ - ၁၀ ဘီလီယံခန့်ရှိသည့် အရည်အသွေးနိမ့်ကျသော ကုန်ပစ္စည်းများတင်သွင်းမှုကို တားဆီးနိုင်မည်ဖြစ်ကြောင်းနှင့် ထိုသို့ဆောင်ရွက်မှုမှာ မည်သည့်နိုင်ငံကိုမျှ ရည်ရွယ်မထားသော်လည်း နှစ်နိုင်ငံကုန်သွယ်ရာ၌ မျှခြေအခြေအနေမရှိပဲ တစ်ဖက်သတ် ကုန်သွယ်မှု အသာစီးရလျက်ရှိသည့် တရုတ်နိုင်ငံကဲ့သို့သော ကုန်သွယ်ဘက်နိုင်ငံများအပေါ်သက်ရောက်မည်ဖြစ်သည်ဟု အိန္ဒိယအစိုးရ အရာရှိတစ်ဦးက ပြောကြားကြောင်းစသည်ဖြင့် ရိုက်တာသတင်းဌာနကဖော်ပြပါသည်။

အိန္ဒိယနိုင်ငံအခြေစိုက် Business Standard သတင်းဌာနက ရေးသားဖော်ပြရာတွင် အိန္ဒိယ ကူးသန်းရောင်းဝယ်ရေးနှင့် စက်မှုဝန်ကြီးဌာနသည် တရုတ်နိုင်ငံမှ ကုန်စည်များတင်သွင်းမှုကို လျှော့ချနိုင်မည့် အစီအမံများအား လျင်မြန်စွာ နည်းလမ်းရှာဖွေလျက် ဝန်ကြီးချုပ်ရုံးသို့ မကြာမီကာလအတွင်း တင်ပြနိုင်ရေးဆောင်ရွက်လျက်ရှိကြောင်း၊ ၎င်းဝန်ကြီးဌာနထံမှ စုံစမ်းရရှိမှုအရ အစိုးရအနေဖြင့် တန်ဖိုးအားဖြင့် ဒေါ်လာ ၁၂၇ ဘီလီယံရှိသော သွင်းကုန်အမယ် ၃၇၁ ခု အပေါ် ထုတ်ကုန်စံချိန်စံညွှန်းသတ်မှတ်ချက်ချမှတ်ခြင်းဖြင့် ပိုမိုတင်းကျပ်စွာ ကန့်သတ်မည်ဖြစ်ကြောင်း၊ တစ်ဖက်တွင် ပြည်တွင်းကုန်ထုတ်လုပ်မှုအပေါ် ထိခိုက်နိုင်သည့်အတွက် ၎င်းတို့အနေဖြင့် တရုတ်နိုင်ငံမှထုတ်လုပ်သည့် ကုန်ပစ္စည်းများအပေါ် သွင်းကုန်

အခွန်တိုးမြှင့်ကောက်ခံရန် စိတ်အားထက်သန်မှုမရှိဟု အဆိုပါဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိတစ်ဦးကပြောဆိုကြောင်း၊ လက်ရှိကာလ၌ အိန္ဒိယရှိ လုပ်ငန်းကဏ္ဍများစွာတွင် ငွေဖြစ်လွယ်မှုရှိရေးသည် အရေးကြီးသည့်ကိစ္စတစ်ရပ်အဖြစ် ဖြစ်ပေါ်လျက်ရှိရာ အခွန်တိုးမြှင့်ကောက်ခံခြင်းက သွင်းကုန်လုပ်ငန်းရှင်များအတွက် အခက်အခဲဖြစ်စေမည်ကို စဉ်းစားရန်ရှိသည့်အပြင် ၎င်းလုပ်ငန်းရှင်များအနေဖြင့် အခြားမည်သည့်နိုင်ငံများထံမှ အလားတူကုန်ကြမ်းများ ရရှိနိုင်မည်ဆိုသည်ကိုလည်း လေ့လာသုတေသနပြုလုပ်ရန် လိုအပ်မည်ဖြစ်ကြောင်း၊ သို့ရာတွင် အရေးပေါ်ကိစ္စရပ်များ၌ တရုတ်နိုင်ငံမှ ထုတ်လုပ်တင်သွင်းသည့် အဓိကကုန်စည်အမျိုးအမည်ပေါင်း ၁၀၀ ခန့်အား အခွန်တိုးမြှင့်ကောက်ခံရန် အိန္ဒိယအစိုးရအနေဖြင့် စီစဉ်ထားရှိကြောင်း သိရှိရသည်။

အိန္ဒိယအစိုးရက ထုတ်ကုန်ပစ္စည်းများ၏ အရည်အသွေးစံချိန်စံညွှန်းများသတ်မှတ်လျက် နည်းပညာဆိုင်ရာ လုပ်ထုံးလုပ်နည်းများဖြင့် တရုတ်နိုင်ငံမှတင်သွင်းသည့် သွင်းကုန်အမယ် ၃၇၁ မျိုးတွင် ဓါတုပစ္စည်းများ၊ စတီးထုတ်ကုန်များ၊ လူသုံးအီလက်ထရွန်းနစ်ကုန်စည်များ၊ အကြီးစား စက်ကိရိယာများ၊ ဆက်သွယ်ရေးလုပ်ငန်းသုံးပစ္စည်းများ၊ စက္ကူ၊ ရာဘာ၊ ဖန်ထည်ပစ္စည်းများ၊ စက်မှုလုပ်ငန်းသုံး စက်ကိရိယာများ၊ သတ္တုပစ္စည်းများ၊ ပရိဘောဂ၊ ဆေးဝါး၊ ဓါတ်မြေသြဇာနှင့် အထည်အလိပ်ကုန်ပစ္စည်းများ စသည်တို့ပါဝင်ကြောင်း သိရှိရပါသည်။

အထက်ပါ စီမံဆောင်ရွက်မှုများအပြင် အိန္ဒိယအစိုးရသည် စုပုံတင်ပို့ရောင်းချမှုများနှင့်စပ်လျဉ်း၍ တိုင်ကြားသည့်ကိစ္စရပ်များအပေါ် စုံစမ်းစစ်ဆေးခြင်းအား အချိန်တိုအတွင်းပြီးစီးရန် စီမံဆောင်ရွက်မည်ဖြစ်ကြောင်း Economic Times သတင်းဌာနက ရေးသားဖော်ပြပါသည်။ လက်ရှိကာလ၌ အိန္ဒိယကူးသန်းရောင်းဝယ်ရေးနှင့်စက်မှုဝန်ကြီးဌာနရှိ ကုန်သွယ်မှုကုစားရေးဦးစီးဌာန (DGTR) သည် ပြည်တွင်းရှိလုပ်ငန်းရှင်များမှ တိုင်ကြားလာသည့် ကုန်သွယ်မှုဆိုင်ရာအမှုကိစ္စများအား ရက်ပေါင်း ၃၀ အတွင်း အပြီးသတ်စုံစမ်းစစ်ဆေးလျက် ပြည်တွင်းလုပ်ငန်းများ အကာအကွယ်ပေးရေး အခွန် (Safeguard duty) နှင့် သွင်းကုန်အပေါ်တန်ပြန်အခွန် (Anti-dumping duty) များချမှတ်နိုင်ရန် ထောက်ခံတင်ပြချက်နှင့်အတူ တွေ့ရှိချက်အစီရင်ခံစာအား ဝန်ကြီးဌာနသို့တင်ပြဆောင်ရွက်လျက်ရှိသည်။ DGTR က စုံစမ်းစစ်ဆေး အရေးယူဆောင်ရွက်သည့် အမှုကိစ္စအများစုမှာ တရုတ်နိုင်ငံမှ တင်သွင်းသည့်ကုန်စည်များအပေါ် တိုင်ကြားခြင်းဖြစ်ပြီး ၂၀၁၉ ခုနှစ် ဒီဇင်ဘာလ ၃၁ ရက်နေ့အထိ တရုတ်နိုင်ငံမှ ထုတ်လုပ်တင်သွင်းသည့် ကုန်စည် ၉၂ မျိုးအပေါ် တန်ပြန်အကောက်ခွန်များ ချမှတ်ဆောင်ရွက်ခဲ့ပြီးဖြစ်ကြောင်း၊ လက်ရှိကာလတွင် တရုတ်နိုင်ငံမှ ကုန်စည်များအား လျှော့ဈေးဖြင့် စုပုံတင်သွင်းကြောင်း တိုင်ကြားထားရှိသည့် အမှု ၃၅ ခုကို စုံစမ်းစစ်ဆေးလျက်ရှိကြောင်း၊ ၎င်းအမှုများမှာ ဓါတုပစ္စည်းများ၊ စတီးလ်၊ ကြေးနီနှင့် အထည်အလိပ်ထုတ်ကုန်များ တင်သွင်းမှုနှင့်သက်ဆိုင်သည့်ကိစ္စများဖြစ်ကြောင်းသိရှိရသည်။

အိန္ဒိယနိုင်ငံ၏ ပြည်ပကုန်သွယ်မှုတွင် အဓိကကုန်သွယ်ဖက်နိုင်ငံများအနက် တရုတ်နိုင်ငံ နှင့်ကုန်သွယ်မှုမှာ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် တန်ဖိုးအားဖြင့် ဒေါ်လာ ၈၇.၀၆ ဘီလီယံရှိပြီး ပို့ကုန်တန်ဖိုးမှာ ဒေါ်လာ ၁၆.၇၅ ဘီလီယံ မျှသာရှိသဖြင့် ကုန်သွယ်မှုလိုငွေ ဒေါ်လာ ၅၃.၅၆ ဘီလီယံဖြစ်ပေါ်ခဲ့သည်။ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်၌ ဧပြီလမှ ဖေဖော်ဝါရီလအထိ တရုတ်နိုင်ငံနှင့် ကုန်သွယ်မှုတန်ဖိုး ဒေါ်လာ ၆၂.၃၇ ဘီလီယံရှိပြီး ကုန်သွယ်မှုလိုငွေ ဒေါ်လာ ၄၆.၈၃ ဘီလီယံ ဖြစ်ပေါ်ခဲ့ကြောင်း တွေ့ရှိရသည်။

အိန္ဒိယအစိုးရအနေဖြင့် တရုတ်နိုင်ငံနှင့်ကုန်သွယ်ရာ၌ အစဉ်တစိုက် ကုန်သွယ်မှုလိုငွေ ကြီးမားစွာဖြစ်ပေါ်နေမှုအား လျှော့ချရန် ကြိုးစားလျက်ရှိသော်လည်း ပြည်တွင်းရှိ စက်မှုကုန်ထုတ်လုပ်ငန်းများ၊ လျှပ်စစ်နှင့်အီလက်ထရွန်းနစ်ကိရိယာ ထုတ်လုပ်မှုများ၊ ဓါတုပစ္စည်းထုတ်လုပ်မှုများ၊ ဆေးဝါးထုတ်လုပ်မှုများစသည်တို့မှာ တရုတ်နိုင်ငံမှတင်သွင်းသည့် ကုန်ကြမ်းပစ္စည်းများအပေါ် အဓိကမှီခိုနေရပြီး နိုင်ငံ၏သွင်းကုန်တန်ဖိုးစုစုပေါင်းတွင် တရုတ်နိုင်ငံမှတင်သွင်းသည့် ကုန်စည်များက ၁၄% ခန့်အထိ ပါဝင်လျက်ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

Source: 1. Govt likely to fast-track import restrictions on 371 Chinese goods, 18 Jun 2020, Business Standard

2. Government working on steps to cut import dependence on China, boost manufacturing, 18 Jun 2020, Economic Times

3. India plans extra tariffs, trade barriers on 300 imported products, 19 Jun 2020, Economic Times

4. Faster initiation of anti-dumping probes on China imports soon, 19 Jun 2020, Economic Times

စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ နယူးဒေလီမြို့

.

## STOCK EXCHANGE (26.6.2020)

YANGON STOCK EXCHANGE

Search...

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

## Stock trading data

As of 26th Jun. 2020

### Stock trading

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 11,000 | +500 | +4.76% | 10,500 | 11,000 | 10,500 | 541 | 5,899,500 | 27,112,747 | 298,240 |
| MTSH | 00002 | 3,800 | +0 | +0.00% | 3,850 | 3,850 | 3,800 | 5,105 | 19,402,700 | 38,929,150 | 147,931 |
| MCB | 00003 | 8,300 | +100 | +1.22% | 8,300 | 8,300 | 8,300 | 5 | 41,500 | 10,400,986 | 86,328 |
| FPB | 00004 | 22,500 | +0 | +0.00% | 22,500 | 22,500 | 22,000 | 756 | 17,007,500 | 2,472,053 | 55,621 |
| TMH | 00005 | 2,850 | +50 | +1.79% | 2,850 | 2,850 | 2,850 | 4 | 11,400 | 12,823,224 | 36,546 |
| EFR | 00006 | 2,700 | +0 | +0.00% | 2,700 | 2,700 | 2,700 | 33 | 89,100 | 19,977,223 | 53,939 |

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 456.06 | +10.24 | +2.30% | 447.83 | 456.06 | 446.12 | 6,444 | 42,451,700 | 6 | 678,605 |

### Index chart



# Market Overview

As of 1:00 pm, 26th Jun. 2020

| MYANPIX | 456.06 ▲ 10.24 |
|---|---|
| Total Volume (shares) | 6,444 |
| Total Value (MMK) | 42 mil |
| Listed Company | 6 |
| Market Cap. (MMK) | 678,605 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 11,000 | ▲ 500 |
| MTSH | 00002 | 3,800 | ▲ 0 |
| MCB | 00003 | 8,300 | ▲ 100 |
| FPB | 00004 | 22,500 | ▲ 0 |
| TMH | 00005 | 2,850 | ▲ 50 |
| EFR | 00006 | 2,700 | ▲ 0 |

TIR